# စားသုံးသူဈေးဆန္နှုန်း အခြေခံနှစ်ကို ပြောင်းလဲတွက်ချက်ရန် ဆောင်ရွက်လျက်ရှိ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန္နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ကို လက်ရှိအချိန်တွင် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် လစဉ်တွက်ချက်ထုတ်ပြန်လျက်ရှိသည်။

စားသုံးသူဈေးဆန္နှုန်း (CPI)ကို အချိန်ကာလအလျောက် ဈေးနှုန်းပြောင်းလဲမှုနှင့် စားသုံးမှုပုံစံပြောင်းလဲမှုကို တိုင်းတာနိုင်ရန် တွက်ချက်ထုတ်ပြန်ခြင်းဖြစ်ပြီး နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းတွက်ချက်ရာတွင် အဓိကအသုံးပြုသည်။ စားသုံးသူဈေးဆန္နှုန်း တွက်ချက်ရာတွင် အရည်အသွေးတူညီသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို သတ်မှတ်ထားပြီး ဈေးနှုန်းနှင့် စားသုံးမှုပုံစံပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် တိုင်းတာခြင်းဖြစ်သည်။ အချိန်ကာလအလျောက် လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့် လူတို့၏ စားသုံးမှုပုံစံပြောင်းလဲမှုများကို ပိုမိုထင်ဟပ်စေရန်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားများပြောင်းလဲသုံးစွဲလာမှုကို အခါအားလျော်စွာ ဆန်းစစ်၍ စားသုံးသူဈေးဆန္နှုန်း တွက်ချက်ရာတွင် အသုံးပြုသည့် အခြေခံနှစ်ကို ပြောင်းလဲတွက်ချက်ကြသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် စားသုံးသူဈေးဆန္နှုန်း တွက်ချက်ရာတွင် အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ စားသုံးမှုပုံစံ ပြောင်းလဲလာခြင်းကြောင့်လည်းကောင်း၊ စီးပွားရေးစနစ်များ ပြောင်းလဲလာသဖြင့် စီးပွားရေးပုံသဏ္ဍာန်နှင့်အတူ စားသုံးမှုပုံသဏ္ဍာန်ပါပြောင်းလဲလာခြင်းကြောင့်လည်းကောင်း၊ လူတို့၏ ဝင်ငွေတိုးတက်ပြောင်းလဲလာသဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ စားသုံးသူဈေးခြင်းတောင်း (CPI Basket)ကို လက်ရှိအခြေအနေနှင့် ထင်ဟပ်လွှမ်းခြုံမှုရှိစေရန်အတွက် အခြေခံနှစ်ကို ၅ နှစ် မှ ၁၀ နှစ်အတွင်း ပြောင်းလဲတွက်ချက်လေ့ရှိသည်။

မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန္နှုန်းကို တွက်ချက်ရာတွင်လည်း လူတို့၏ စားသုံးမှုနှင့် ဝန်ဆောင်မှုပုံစံများ ပြောင်းလဲလာမှုအရ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိစေမည့် အခြေခံနှစ်များကို ပြောင်းလဲတွက်ချက်ခဲ့သည်။ ရန်ကုန်မြို့၏ စားသုံးသူဈေးဆန္နှုန်းကို ၁၉၂၈ ခုနှစ်တွင် စတင်တွက်ချက်ခဲ့ပြီး ၁၉၂၇၊ ၁၉၄၁၊ ၁၉၅၈၊ ၁၉၆၅၊ ၁၉၇၂၊ ၁၉၇၈ နှင့် ၁၉၈၆ အခြေခံနှစ်များဖြင့် တွက်ချက်ခဲ့သည်။ တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းကို ၁၉၉၇ ခုနှစ် အခြေခံနှစ်ဖြင့် စတင်တွက်ချက်ခဲ့ပြီး ၂၀၀၆ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့ဖြင့် အသီးသီးပြောင်းလဲ တွက်ချက်ခဲ့သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြု တွက်ချက်ထုတ်ပြန်နေသည့် ၂၀၁၂ ခုနှစ်

အခြေခံနှစ်၏ စားသုံးသူဈေးခြင်းတောင်း (CPI Basket) ရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့သဖြင့် အခြေခံနှစ် ပြောင်းလဲတွက်ချက်ရန် လိုအပ်လျက်ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့နှင့် ပူးပေါင်း၍ "မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇)"ကို ၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သည်။ အဆိုပါ စစ်တမ်းမှရရှိခဲ့သော လူအများစားသုံးသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ အိမ်ထောင်စုများသုံးစွဲသည့် စားသုံးမှုစရိတ်တွင် အလေးပေး ရာခိုင်နှုန်းများကို တွက်ချက်ပြီး ၂၀၁၇ ခုနှစ် အခြေခံနှစ်အဖြစ် ပြောင်းလဲတွက်ချက်နိုင်ရန် ၂၀၂၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းကို ၂၀၁၇ ခုနှစ် အခြေခံနှစ် ပြောင်းလဲတွက်ချက်ရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာပိုင်းအရ မှန်ကန်ခိုင်မာမှုရှိရေးနှင့် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ပြောင်းလဲတွက်ချက် ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးမှ ကိုယ်စားလှယ် များပါဝင်သော လုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူဈေးဆနှုန်းတွက်ချက်သည့် အခြေခံနှစ်ကို လက်ရှိ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်သို့ ပြောင်းလဲတွက်ချက် ထုတ်ပြန်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အိမ်ထောင်စုများ အားလုံးက အဖက်ဖက်မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူတို့၏ ပြောင်းလဲနေသည့် စားသုံးမှု ပုံစံနှင့် ကိုက်ညီမှုရှိပြီး၊ လက်ရှိအခြေအနေကို ပိုမိုထင်ဟပ်လွှမ်းခြုံ၍ ခိုင်မာအားကောင်းသည့် အညွှန်းကိန်းများကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

***************